# ကြေကွဲပွင့်တို့ငိုရှိုက်သံ

လှိုင်းကြာဖြူ (လားရှိုး)



အချစ်လုံးချင်းဝတ္ထုသစ်

# အခန်း(၁)

"ကိုရေ...ရုံးပိတ်တယ်ဆိုပြီး အေးဆေးအိပ်မနေနဲ့ ဦးနော်။ တော်ကြာ ငြိမ်းကို စျေးလိုက်ပို့ပေးရဦးမယ်လေ။

ကို့ထံမှာ အင်းအဲအသံ မကြားရသော်လည်း ဒီလောက်ပြောလိုက်လျှင် ငြိမ်းတောင် အိမ်မှုကိစ္စတွေ မပြီးသေး ကို ထလာမှာ သိသဖြင့် ငြိမ်း အိပ်ပျော်နေသော ကို့ကို တစ်ချက် ငုံ့ကြည့်ပြီး အိပ်ခန်းထဲမှ ထွက်ခဲ့သည် ။

ချစ်သူဘဝတုန်းက အိပ်ရေးမက်လှသော ငြိမ်းကို ကိုက မနက်တိုင်း နှိုးရသူ ဖြစ်သည် ။ တစ်ခါတစ်ရံ ငြိမ်းမှာ နိုးနေသော်လည်း ကို့ထံမှ "အိပ်ပုပ်လေး...မထသေးဘူးလား"၊"ချစ်ထတော့လေ"ဆိုသည့် ဖုန်းဆက်နှိုးသံ မကြားရမချင်း ကွေးနေတတ်သည် ။

ယခု အိမ်ထောင်သည် ဘဝသို့ရောက်တော့ သမီးရည်းစားဘဝနှင့် ခြားနားသွားလေပြီ။ ကို့မှာ ရုံးကိစ္စတွေနှင့် မအားလပ်နိုင်သလို ဝါသနာအရ အပျော်တမ်း စုံထောက်လုပ်ငန်း လုပ်နေခြင်းကြောင့် တစ်ခါတလေ ညဉ့်နက်မှ အိပ်ရတာမျိုးရှိလေတော့ ငြိမ်း အလိုက်သိရပါတော့သည် ။

ထို့ပြင် မိန်းမသားဘဝဆိုတာ သမီးရည်းစားဘဝမှာ အနိုင်ယူသူဖြစ်ခဲ့ပေမဲ့ အိမ်ထောင်ရှင်ဘဝမှာ အလိုလိုပေးဆပ်သူရာထူး ရသွားလေသ

ည် ။

သားသမီးမရခင်ကတော့ အိမ်ထောင်ဦးစီးဖြစ်သူ လင်ယောက်ျားအတွက် အစစအရာရာ ပေးဆပ်ရသည် ။

ကိုယ်ကြိုက်တဲ့ အစားအစာ၊ သူကြိုက်တဲ့ အစားအစာ မဟုတ်လျှင် အလိုလို စွန့်လွှတ်ပြီးသားဖြစ်သလို ကိုယ်မကြိုက်ခဲ့သော အစားအစာကိုလည်း စားတတ်အောင် လေ့ကျင့်ခဲ့ရသည် ။

ဥပမာ - သူ့အကြိုက်ကလည်း ချက်၊ ကိုယ့်အကြိုက်လည်း ချက်ဆိုလျှင် ကို ရသောလခနှင့် စားလောက်မည်မဟုတ်ပေ။

အိမ်ထောင်ကျသည့် အချိန်မှ စ၍ မိဘတွေဆီကို လက်ဖြန့်မတောင်းချင်တော့သောဆန္ဒ ကို့၌ ရှိသလို ငြိမ်း၌ လည်း ရှိပါသည် ။

မိဘတွေကိုယ်တိုင် အချမ်းသာကြီးမဟုတ်သော်လည်း ငြိမ်းနှင့် ကိုလက်ထပ်တော့ ကိုယ့်ဘက်က တိုက်ခန်းတစ်ခန်း၊ ငြိမ်းဘက်က ကားတစ်စီး လက်ဖွဲ့ပေးခဲ့သည် ။

နေစရာအရိပ်အာဝါသရခဲ့ပြီမို့ ကို အ လုပ်သွားသည့် အခါ ငြိမ်းက ရှိသည့် ပစ္စည်းများ နှင့် ခြိုးခြံစွာ ချက်ပြုတ်တတ်သောသူဖြစ်သည် ။

သမီးလေးမွေးလာတော့လည်း ငြိမ်းရဲ့ ကြိုတင်စုဆောင်းထားမှုတို့ကြောင့် သိပ်ပြီး ကသီလင်တ မနိုင်ခဲ့ပေ။ ထို့ပြင် ကိုက ငြိမ်း၏ အိမ်မှုကိစ္စများ ၊ အိမ်တွင်းရေးကိစ္စများကို ဘာဆိုဘာမှ မကူညီသော်လည်း ရသမျှ ငွေကြေးကိုတော့ တစ်ပြားမကျန် ပြန်အပ်တတ်ပါသည် ။

ထို့ကြောင့် မို့လည်း ခံသာပေသည် ။ တစ်ခါတစ်ရံ ငြိမ်းမှာ သမီးရဲ့ ကိစ္စတွေ၊ အိမ်မှုကိစ္စတွေနှင့် ချာချာလည်အောင် အလုပ်ရှုပ်နေသလောက် ကိုကတော့ အိမ်ရှေ့ဧည့်ခန်းထဲမှာ သတင်းစာဖတ်မပြတ်၊

ရေနွေးကြမ်းသောက်မပြတ် ရှိနေတတ်သည် မို့-

"ဒေါ်မျှ ကိုနေ့ရက်မြတ်... အိမ်မှာ နေရတဲ့ အခိုက် ကျွန်မကို နည်းနည်းပါးပါး ကူညီဖို့ ရှင် သတိမရဘူးလား။ ကိုယ့်မိန်းမကို ကူညီလို့ မြွေမပေါက်ပါဘူးနော်"

ဟု ငြိမ်း ခပ်ငေါ့ငေါ့ပြောမှ မောင်မင်းကြီးသားက ထိုင်ရာမှ ထသည် ။ ရှင်နှင့် ကျွန်မလို့ ပြောလျှင် ငြိမ်းရဲ့ ဒေါသအတိမ်အနက်ကို သူ သိပြီလေ။

"မေမေ... မီးမီး ပြန် လာပြီ"

"ဟော... သမီးတောင် ပြန် လာပြီ၊ သမီး ဗိုက်ဆာပြီလား"

"ဖေဖေ နိုးလာမှ အတူတူစားမယ်လေ မေမေရဲ့ ၊ မီးမီး မဆာသေးပါဘူး"

"အယ်... မေမေ့သမီးက လိမ္မာလိုက်တာ၊ ဟုတ်ပါပြီ... ဒါဆိုရင် ခဏ စောင့်နော်၊ ခဏနေ သမီးဖေဖေ လာတော့မယ်"

"ဟုတ်ကဲ့... မေမေ... မီးမီး ဒီနေ့ စာတွေအကုန်လုံး မှန်တယ်၊ ဆရာမက ဂွတ်လည်း ပေးတယ်၊ ကောင်းလည်း ပေးတယ်၊ ဟောဒီမှာ ကြည့်... . ဆရာမကလေ မီးမီးကို လက်ရေးလည်း လှတယ်လို့ ချီးကျူးတယ်"

လူကြီးတွေနှင့် စကားပြောလျှင် 'အင်း' ဟု မပြောရဘူး၊ 'ဟုတ်ကဲ့' ဟု သင်ပေးထားသဖြင့် သမီးလေး ဆုထူးပန်က ဘာပြောပြော 'ဟုတ်ကဲ့ ... ဟုတ်ကဲ့' နှင့် ပြောတတ်ပုံလေးက ချစ်စရာ။

ယခုလည်း ကျူရှင်မှာ စာအားလုံးမှန်၍ ကောင်းရတာကိုလည်း ကြွားမဆုံး၊ ဂုဏ်ယူမဆုံး ဖြစ်နေလေသည် ။ ပြီးတော့ သူ့ရဲ့ စာအုပ်တွေကို ထုတ်ပြနေသဖြင့် စိတ်ကျေနပ်အောင် ကြည့်ပေးရသေးသည် ။ သို့မှ

သာ ကျေနပ်သွားသည် ။

"မေမေ ဒါဆို မီးမီး ဖေဖေ့ကို သွားကြွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ပါရှင်"

ကျောပိုးအိတ်လေးကို လက်တစ်ဖက်ကဆွဲပြီး အိပ်ခန်းဘက်သို့ ဝင်သွားသော မီးမီးကို ကြည့်ပြီး ငြိမ်း ပြုံးလိုက်သည် ။

အခုဆို သမီးက (၂)တန်းကျောင်းသူ ဖြစ်သည် ။ နောက်ဆို သမီးလေးက အတန်းတွေ တစ်တန်းပြီးတစ်တန်း ကြီးတော့မည်။ သမီးလေးရဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီး ငြိမ်းတို့ လင်မယားနှစ်ယောက်လုံး စိုးရိမ်ပူပန်ရခြင်း မရှိပေ။ အဘယ်ကြောင့် ဆိုသော် သမီးလေးသည် ဉာဏ်ရည်ထက်မြက်သော ကလေးတစ်ယောက် ဖြစ်သည် ။

"တီး... တောင်"

တံခါးဘဲလ်တီးသံကြောင့် ငြိမ်း မျက်ခုံးပင့်သွားသည် ။ မနက် စောစောစီးစီး ဘယ်သူလာပါသနည်း။ အိမ်နီးချင်း အခန်းဖော်တွေပဲ ဖြစ်ရမည်။

တစ်ခါတစ်ရံ ယခုလို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ဆိုလျှင် တစ်ခုခု လုပ်စားတတ်ကြသည် ။ ငြိမ်းတို့ တိုက်၌ ကုမ္ပဏီဝန်ထမ်းတွေကော၊ အစိုးရဝန်ထမ်းတွေပါ အများ ဆုံးနေသည့် နေရာမို့ နေ့လယ်နေ့ခင်းဆို သရဲခြောက်မှာ ၊ ဓားပြတိုက်ခံရမှာ တောင် ကြောက်ရပါသည် ။

ယခုလို စနေ၊ တနင်္ဂနွေဆိုလျှင်တော့ တစ်တိုက်လုံး ဆူညံပွက်လောရိုက်နေတတ်ပါသည် ။

"ကျီ"

"ဟင်"

တံခါးရှေ့တွင် ရပ်နေသူကြောင့် ငြိမ်းရဲ့ အကြည့်တွေ ဇဝေဇဝါဖြစ်သွားသည် ။ ငြိမ်းတို့ နှင့် မတိမ်းမယိမ်းအရွယ်၊ ဒါမှ မဟုတ် နှစ်နှစ်၊ သုံးနှစ်ခန့်ငယ်နိုင်သော အမျိုးသမီးတစ်ယောက်။ တစ်ခါမှ မတွေ့မမြင်ဖူးသဖြင့် ငြိမ်းရဲ့ အကြည့်တွေက စူးစမ်းသောအကြည့်ဖြစ်ပါသည် ။

မိန်းမပျိုမှာ အတော်ချောမောလှပသော်လည်း မျက်လုံးတို့ က အရောင်ဖျော့လွန်းလှသည် ။ ပခုံးကျော်သောဆံပင်တို့ ကို ကျောနောက်ဘက်၌ တစ်ဝက်ခွဲယူကာ ဖြစ်သလို ညှပ်ထားသည် ။

အနက်ရောင်ထဘီစကတ်နှင့် နို့စိမ်းရောင်လည်ထောင်၊ လက်ရှည်ရယ်ဒီမိတ်အင်္ကျီကို ဝတ်ဆင်ထားလေသည် ။ ပခုံးထက်၌ အညိုဖျော့ဖျော့ ပခုံးလွယ်အိတ် ခပ်ကြီးကြီးကို လွယ်ထားသေးသည် ။

ငြိမ်းသည် ထိုအမျိုးသမီးကို တစ်ထိုင်တည်း ခြုံငုံကြည့်ပြီး-

"ဘယ်သူနဲ့ တွေ့ချင်လို့ ပါလဲရှင်"

"ဒါ... ကိုနေ့ရက်မြတ်တို့ ရဲ့ အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်... ရှင်က"

"ကျွန်မ သူနဲ့ တွေ့လို့ ရမလား မသိဘူးရှင်"

"သြော်... ရပါတယ်... ဝင်ပါ"

"ငြိမ်းရေ... ဘယ်သူလဲ"

ငြိမ်းနှင့် ညော့သည် မလေး ညော့ခန်းထဲရောက်တော့ ကိုကသမီးကိုချီပြီး ထမင်းစားခန်းထဲမှ ထွက်လာကာ လှမ်းမေးသည် ။

ငြိမ်း ညော့သည် မလေးကို တစ်ချက်လှည့်ကြည့်ကာ-

"ကိုနဲ့ တွေ့ချင်လို့ တဲ့ "

"ကိုယ်နဲ့ ဟုတ်လား"

နေ့ရက်မြတ်က ဇနီးဖြစ်သူရဲ့ နောက်၌ ခပ်လျှိုလျှို ရပ်နေသော အမျိုးသမီးထံသို့ လှမ်းကြည့်လိုက်သည် ။

သမီးလေးက သူ့ကိုယ်ပေါ်မှ လျှောဆင်းပြီး ငြိမ်းထံ ပြေးသွားသည် ။ ငြိမ်းက သမီးကိုခေါ်ပြီး ထမင်းစားခန်းထဲသို့ ဝင်သွားသည် ။

"ကျွန်မကို ဒေါက်တာမေဇင် လွှတ်လိုက်တာပါ ကိုနေ့ရက်မြတ်"

"ဪ... ဟုတ်ပါပြီ... ထိုင်ပါ"

အမျိုးသမီးငယ်က သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လေသည် ။ မေဇင်ဆိုတာ သူနှင့် ငြိမ်းတို့ ရဲ့ အချစ်ဆုံးကျောင်းနေဘက် သူငယ်ချင်း ဖြစ်လေသည် ။ ယခုတော့ မေဇင်က နိုင်ငံခြားတွင် အလုပ်တစ်ဖက်နှင့် ပရဟိတလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေသော အပျိုကြီးမမ ဖြစ်လေသည် ။

"လာရင်းကိစ္စက..."

"ဒေါက်တာက ပြောပါတယ်၊ ဒီကအစ်ကိုက အလွတ်တမ်းစုံထောက် တစ်ယောက်လည်း လုပ်တယ်၊ ဘာအမှုမှ မဖော်နိုင်တာ မရှိခဲ့ဖူးဘူးလို့ လည်း ညွှန်းခဲ့ပါတယ်။ ဒါကြောင့် ကျွန်မ... အယ်လေ ယမင်း ပြောပါရစေ၊ ယမင်းရဲ့ နာမည် အပြည့်အစုံက ယမင်းစည်သူထိုက်ပါ အစ်ကို"

"ဟုတ်ပါပြီ... မယမင်း၊ မေဇင်က သူ့သူငယ်ချင်းဖြစ်တဲ့ ကျွန်တော့် ကို အတင်းမြှောက်နေတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဘာလို့ လဲဆိုတော့ ကျွန်တော် လိုက်ပြီးထောက်လှမ်းခဲ့တဲ့ အမှုတွေက ကြီးကြီးမားမားမှ မ ဟုတ်တာ။ သာမန်ခိုးမှု၊ ဝှက်မှု၊ လုယက်မှုလောက်ပါပဲ။ အမှုကြီးကြီးမား

မားတွေ ဆိုရင်တော့ ရဲစခန်းမှာ အမှုအပ်တာ ကောင်းမယ်ထင်ပါလိမ့်မ ယ် မယမင်း"

"ရဲစခန်း ဆိုရင်တော့ ဖြစ်မှာ မဟုတ်ပါဘူး ကိုနေ့ရက်မြတ်"

ခပ်မဲ့မဲ့ပြုံး၍ ပြောလိုက်သော မိန်းမပျိုကို သူ ထူးဆန်းစွာ ကြည့်လို က်သည် ။ ထိုမိန်းမပျို၏ မျက်နှာမှာ တင်းခနဲဖြစ်သွားကာ-

"ဒီအမှုကို လွန်ခဲ့တဲ့ (၁၂)နှစ်က ရဲစခန်းက တာဝန်ယူ ဆောင်ရွက်ခဲ့ တယ်။ ဒါပေမဲ့ ကျွန်မတစ်ယောက်လုံး ခိုင်မာတဲ့ သက်သေဖြစ်နေပါလျ က်နဲ့ သက်သေမခိုင်လုံလို့ ဆိုပြီး အမှုကို ပြန်ပိတ်ပစ်ခဲ့တယ် ကိုနေ့ရက်မြတ်"

"ဗျာ... အမှုက ဘာမှုမို့လဲ မယမင်း"

"လူသတ်မှု"

"ဘယ်လို"

"ဟုတ်တယ်... လူသတ်မှု... ကျွန်မရဲ့ မျက်စိရှေ့တည့်တည့်မှာ ကျွန်မ ရဲ့ ချစ်သူကို ရက်ရက်စက်စက် ဓားနဲ့ ထိုးသတ်မှုပဲ"

အေးစက်စက်ပြောလိုက်သော မိန်းမပျို၏ ဟန်မှာ အတော့်ကို ခံစား နာကျင်နေရသည့် ဟန်။ သို့သော် ညှိုးဖျော့သောမျက်ဝန်းတို့ ကတော့ အရောင်မဲ့လျက်။

"ကောင်းပါပြီ... တကယ်လို့ ပြောပြလို့ ရမယ်ဆိုရင်"

"သိပ်ရတာပေါ့"

*****

## အခန်း(၂)

"လေးလေးကွာ... မညစ်နဲ့ ... ပေး"

"ဟောဗျာ... လေးလေးက မညစ်ပါဘူးကွာ၊ ယမင်းလိုချင် လေးလေး လက်ထဲက ရအောင်လာယူလေ... ဟား... ဟား"

လေးလေးက ပြောပြီး သူ့ဘာသာသူ သဘောကျစွာ တဟားဟား ရယ်နေလေသည် ။ ရယ်မှာ ပေါ့၊ လေးလေးက အရပ်အမြင့်ကြီး၊ ယမင်းရဲ့ အရပ်က ငါးပေသာသာ။ ဒီကြားထဲ ယမင်းကို စနောက်ပြီး လက်ကြီးမိုး ပေါ်ထောင်ထားတော့ ဘယ်လိုလုပ်ယူ၍ ရမည်နည်း။

"လေးလေးနော်... ယမင်း ငိုလိုက်တော့မယ်"

"ပြီတ္တာတို့ မျက်ရည် မြေမကျကောင်းဘူးတဲ့ ၊ ငိုချင်ငိုပေါ့"

လေးလေးကို နိုင်အောင် ယမင်း ဘာမှ မပြောတတ်ပေ။

တကယ်တော့ ယမင်းသည် လေးလေးနှင့် ဘာမှ မတော်ပေ။ ယမင်းရဲ့ မိဘများ သည် လေးလေးနှင့် သူငယ်ချင်းတွေတဲ့ ။ ယမင်းမွေးကတည်းက မိဘတွေမရှိတော့။ အမိမဲ့သား ရေနည်းငါးဖြစ်နေသောကြောင့် လေးလေးသည် ကျွေးမွေးစောင့်ရှောက်ခဲ့သည် ။ ပြုစုယုယခဲ့သည် ။

မိဘလိုတစ်ဖုံ၊ ဦးလေးလိုတစ်မျိုး၊ သူငယ်ချင်းလိုတစ်သွယ် စောင့်ရှောက်ခဲ့ရင်း ယမင်း အရွယ်ရောက်လာခဲ့ရသည် ။ သူ မွေးစားခဲ့သဖြင့်

လေးလေးက သူ့ရဲ့ နာမည်လည်း ပါအောင် ယမင်းရဲ့ နာမည်ကို 'ယမင်းစည်သူထိုက်' ဟု အမည်ပေးခဲ့သည် ။ လေးလေးရဲ့ နာမည်က တော့ 'မဏီစည်သူထိုက်' ဖြစ်လေသည် ။

"ကဲ... လေးလေးကို ယမင်း ဘယ်တော့မှ မနိုင်နိုင်ပါဘူးလို့ ဝန်ခံရင် ပေးမယ်"

လေးလေးရဲ့ လေသံက အလျှော့ပေးသလိုလိုနှင့် မျက်နှာကတော့ ပြုံးစိစိ ဖြစ်နေလေသည် ။ ယမင်း လေးလေး မြှောက်ကိုင်သောဖုန်းကို တစ်ချက်ကလေးခေါင်းယမ်းပြီး-

"လုံးဝမပြောဘူး၊ ပြောမိရင် အသေသတ်"

"အမယ်... မယ်... လာသေး... လေသံကိုက"

"ဟုတ်တယ်လေ... ယမင်းပြောလည်း လေးလေးက ပေးချင်မှ ပေးမှာ ၊ မယူရလည်း ဘာဖြစ်လဲ၊ ဟောဒီလေးလေးရဲ့ ဖုန်းနဲ့ သုံးမှာ ပေ့ါ လို့ စ်"

"ဟာ... ဟေ့... ဟေ့... ငါ့ဖုန်း မကိုင်နဲ့ နော်"

အလန့်တကြားအော်ကာ ယမင်းနောက်သို့ လေးလေး ပြေးလိုက်လာ သည် ။

ယမင်းကလည်း လေးလေးကို စချင်နောက်ချင်စိတ်နှင့် -

"ဟင့်အင်း... ဒီနေ့တစ်ရက် လေးလေးနဲ့ ယမင်း ဖုန်းလည်း သုံးကြ ည့်ရအောင်။ ယမင်းရဲ့ ဖုန်းလာရင် လေးလေး ကြည့်ကျက်ဖြေထားလို က်။ လေးလေးရဲ့ ဖုန်းလာရင် ယမင်းလည်း ကြည့်ကျက်ဖြေလိုက်မယ်"

လေးလေးရဲ့ ဖုန်းက မော်ဒန်အမြင့်စားဖြစ်ကာ မြန်မာနိုင်ငံမှာ

တောင် မရောက်သေး။ စက်ာပူနှင့် မြန်မာနိုင်ငံကို အိမ်ဦးနှင့် ကြမ်းပြင် လိုသွားနေသော လေးလေးရဲ့ အသုံးအဆောင်ပစ္စည်း တော်တော်များများက နိုင်ငံခြားဖြစ် Branch အမြင့်စားတွေပဲဖြစ်သည် ။

သူကိုယ်တိုင် နိုင်ငံခြားနှင့် မြန်မာနိုင်ငံကို အိမ်ဦးနှင့်ကြမ်းပြင်ဖြစ် နေသော လေးလေးသည် ယမင်းကိုတော့ နိုင်ငံခြားသို့ အလည်တစ်ခေါ က်ခေါ်ဖို့ နေနေသာ ရန်ကုန်မြို့တွင်းကိုတောင် ကိုယ့်သဘောနှင့် ကိုယ် ဘယ်မှ သွားခွင့်မရှိဘဲ ဒရိုင်ဘာကို လိုက်ပို့ခိုင်းသည် ။

ပြီးလျှင် တစ်နေ့တာ ဘယ်တွေကိုသွားသလဲ၊ ဘာတွေကို လုပ်ခဲ့သ လဲဆိုတာ ပြန်လည်အစီရင်ခံရသည် ။ အကယ်၍ ဒရိုင်ဘာပြောသောစ ကားနှင့် ကိုက်ညီမှုမရှိလျှင် လေးလေးသည် ယမင်းကို ဆူငေါက်တတ် သည် ။

တစ်ခါတစ်ရံ...

"လေးလေးရယ်... ယမင်းက လူငယ်တစ်ယောက်ပါ။ တစ်ခါတလေ လူငယ်သဘာဝ သူငယ်ချင်းတွေနဲ့ သွားလည်မိတာမျိုး ရှိချင်ရှိမယ်။ ဒါ ပေမဲ့ လေးလေးရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာ ဘာမှ မထိခိုက်စေရဘူးဆိုတာ လေးလေးကို ကတိပေးတယ်။ အဲဒါတစ်ခုတော့ အကြွင်းမဲ့ ယုံကြည်ပေး ပါနော်"

"ယုံကြည်ပေးပါဆိုတဲ့ စကား ဘယ်တော့မှ လာမပြောနဲ့ ယမင်း... ကိုယ့်ဒူးကိုယ်တောင် မယုံရတာ။ လေးလေးကိုယ်လေးလေးလည်း မယုံ ဘူး။ ယမင်းကိုလည်း လေးလေး မယုံဘူး။ ဒါကြောင့် လေးလေးရဲ့ စီမံမှု တွေကို ယမင်း ငြင်းဆန်ခွင့်မရှိသလို ဆန့်ကျင်ခွင့်လည်း မရှိဘူး"

"လေးလေး"

ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး မယုံဘူးဟု ပြောခဲ့စဉ်တုန်းက ယမင်း ဝမ်းနည်းနာကြည်းခဲ့ရသည် ။

လေးလေးရဲ့ စိတ်ဓာတ်သည် ခန့်မှန်းရခက်သည် ။ ပြုံးနေလျှင်တောင် စိတ်ကြည်နေတယ်ဟု အောက်မေ့၍ မရ။ ထိုအပြုံးရဲ့ နောက်ကွယ်တွင် မမြင်နိုင်သောအရိပ်တို့ လွှမ်းမိုးနေတာကို ယမင်းသိသော်လည်း ထိုအရိပ်သည် ဘာလဲဆိုတာကိုတော့ ယမင်း မဖမ်းဆုပ်တတ်ပါ။

"နော်... လေးလေး... တစ်ရက်တည်းပါ"

"ယမင်း... အခု ဖုန်းကို ငါ့ရှေ့လာပေးလိုက်စမ်း"

"ဟင်"

ခက်ထန်မာကျောစွာ အမိန့်ပေးလိုက်မှုကြောင့် ယမင်းရဲ့ ကိုယ်လေး ဆတ်ခနဲ တုန်သွားသည် ။ ပြီးတော့ ဒေါသနှင့် အပြိုင် နီရဲနေသော လေးလေးရဲ့ မျက်နှာကြောင့် ထိတ်လန့်သွားသည် ။

ယခုထက်ထိ ယမင်းကိုယ်ယမင်း လေးလေး ဒေါသဖြစ်စေမည့် အပြုအမူ၊ အပြောအဆို မပြုမိ၊ မပြောဆိုမိတာတော့ သေချာသည် ။

ဖုန်းလေးကို ကောက်ကိုင်ပြီး ယမင်းကို ခဏပေးသုံးလို့ ပြောလိုက်မိတာလေးက လေးလေးကို ဒီလောက်ထိ ဒေါသဖြစ်သွားစေသတဲ့ လား။

"ကြားလား... ယမင်း... လေးလေး ဒီထက်စိတ်မဆိုးခင် လေးလေးရဲ့ လက်ထဲ ဖုန်းလာထည့်ပေးပါ"

ဘာလဲ... လေးလေးက...

ယမင်းလို မွေးစားသမီးက လေးလေးရဲ့ တန်ဖိုးကြီးပစ္စည်းတွေကို ကိုင်ခွင့်သုံးခွင့်မရှိကြောင်း အတိအလင်း သိသာစေလိုက်တာလား။

ဘာရယ်မသိ၊ ယမင်း နာကျင်စွာဖြင့် လက်ထဲတွင် ဆုပ်ကိုင်ထားသော ဖုန်းလေးကို တစ်ချက် ငုံ့ကြည့်လိုက်သည် ။ ပြောင်လက်တောက်ပနေသော အနက်ရောင်ဖုန်းလေးက ယမင်းကို လှောင်ပြောင်သရော်နေခဲ့သည် ။

ယမင်း လေးလေးရဲ့ အနီးသို့ ခြေထောက်ကို တစ်လှမ်းချင်းလှမ်း၍ တိုးကပ်သွားခဲ့သည် ။ စောစောတုန်းက ပျော်ရွှင်နေသော စိတ်တို့ သည် ဘယ်ဆီသို့ရောက်သွားသလဲ။ ဘယ်မှာ နားခိုသွားပြီလဲ လိုက်ပြီးမဖမ်းဆုပ်ချင်တော့ပေ။

"ရော့ပါ... လေးလေး"

မဖွင့်ဖြစ်ခဲ့သောဖုန်းကို လေးလေးရဲ့ လက်ထဲ ထည့်ပေးလိုက်တော့ လေးလေးက ယမင်းရဲ့ ဖုန်းကို ပြန်ကမ်းပေးသည် ။ လေးလေးရဲ့ မျက်နှာ မည်ကဲ့သို့ပြောင်းသွားသလဲ မကြည့်။ ဖုန်းကိုလည်း မကြည့်ဘဲ ယမင်း လေးလေးရဲ့ အနီးမှ လှည့်ထွက်ခဲ့သည် ။

"ယမင်း"

"............."

"ဆောရီး... ယမင်း... လေးလေး စိတ်လောသွားလို့ "

".............."

"ယမင်းကို အော်လိုက်မိသလို ဖြစ်သွားသည် ၊ ယမင်း စိတ်မကောင်းမဖြစ်နဲ့ နော်... လေးလေး စိတ်ထဲပါလို့ ပြောတာ မဟုတ်ဘူး "

"ရပါတယ်... ယမင်း နားလည်ပါတယ်၊ ယမင်း စာကျက်စရာရှိသေးလို့ သွားခွင့်ပြုပါဦး... လေးလေး"

ယမင်း လေးလေးကို လုံးဝ လှည့်မကြည့်ဘဲ စကားပြောသည် ။ စကားဆုံးသည် နှင့် ယမင်း လေးလေးအနီးမှ ခပ်သွက်သွက် လှမ်းခဲ့သည် ။

စောစောတုန်းက ဒေါသတကြီးလေသံနှင့် ဘာမှ မဆိုင်စွာ နူးညံ့သွားသည့် လေသံကိုလည်း ယမင်း နားမလည်နိုင်ပါ။ တကယ်တော့ ယမင်းနှင့် လေးလေး စကားပြောနေတာက တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ ဖြစ်ပေမယ့် လေးလေးရဲ့ ပုံစံကတော့ နှစ်ကိုယ်ခွဲထားသလို အကျင့်စရိုက်အမူအရာတို့ သည် ဆန့်ကျင်လျက်ရှိသည် ။

ယမင်း လေးလေးကို နားမလည်ပါ။ အို... ယမင်း လေးလေးကို နားမလည်နိုင်တဲ့ အကြောင်းတရားတွေ အများကြီးရှိနေပါသည် ။

"ယမင်းလေး မျက်နှာမကောင်းပါလား... ဘာဖြစ်လာတာလဲ... လေးလေးနဲ့ "

အိမ်အပေါ်ထပ်က ဆင်းလာသော အန်တီတာကို ယမင်းနှုတ်ကမဖြေဘဲ ခေါင်းယမ်းပြလိုက်သည် ။ အန်တီတာရဲ့ ဘေးမှ ယမင်းအပေါ်ထပ်သို့ တက်လာခဲ့သည် ။

တကယ်တော့ လေးလေးမဏီစည်သူထိုက်နှင့် အန်တီခင်သီတာတို့ သည် တစ်ဝမ်းကွဲမောင်နှမများ ဖြစ်ကြသည် ။

အန်တီတာက ဒီအိမ်မှာ ဘဏ္ဍာစိုးတာဝန်ရထားရုံမက တစ်အိမ်လုံး အန်တီတာရဲ့ လက်ခြေသာ ဖြစ်သည် ။ ယမင်းအတွက် မုန့်ဖိုးနှင့် အသုံးစရိတ်လိုလျှင် လေးလေးဆီက ရှော့အင့်ဟု ပေးတာမရှိဘဲ အန်တီတာကတစ်ဆင့်ရသည် ။

ပြင်ပစီးပွားရေးနှင့် သာ လုံးပန်းနေသော လေးလေးသည် အိမ်မှာ

နေရသည့် အချိန်ရယ်လို့ သိပ်မရှိပါ။ ဒီအိမ်မှာ ယမင်းရယ်၊ အန်တီတာရယ် လေးလေးဆီ ဘာမဆို အစီရင်ခံတတ်ကြသော လူယုံဒရိုင်ဘာကိုကြီးကောင်း၊ လုံခြုံရေး ဦးသော်တာ၊ ထမင်းချက်မသေးနှင့် လက်တိုလက်တောင်းခိုင်း၍ ရသော မိချိုတို့ သာ အိမ်မြဲသောသူများ ဖြစ်သည် ။

ဒရိုင်ဘာကိုကြီးကောင်းက ယမင်းတို့ အိမ်ကလူတွေ ဘယ်သွားစရာရှိရှိ လိုက်ပို့ရတတ်ပေမယ့် လေးလေးကိုတော့ မပို့ရပါ။ လေးလေးက ဘယ်သွားသွား ကိုယ့်ကားကိုယ် မောင်းသွားတတ်သူ။

တကယ်တော့ လေးလေးကို ယမင်းတစ်ယောက်တည်း နားမလည်တဲ့ သူမဟုတ်။ လေးလေးရဲ့ ညီမဝမ်းကွဲဖြစ်သော အန်တီတာတောင် လေးလေးကို နားမလည်ပေ။

ယမင်းကတော့ တဒင်္ဂအတွင်းမှာ နှစ်ကိုယ်ပြောင်းသွားသော လေးလေးကို ကြောက်လည်း ကြောက်သည် ။ လန့်လည်း လန့်သည် ။

ယမင်းရဲ့ ဘဝက အများ အမြင်မှာ ရွှေအိမ်စံမင်းသမီးလေးဟု ထင်စရာရှိပေမယ့် လက်တွေ့ဘဝမှာ လှောင်ချိုင့်စံငှက်ငယ်လေးဖြစ်နေတာကို ဘယ်သူမှ မသိကြပေ။

လေးလေးရယ်... လေးလေးရဲ့ စိတ်ကို ယမင်း နားလည်ရခက်လိုက်တာရှင်...။

*****

# အခန်း(၃)

"နားလည်ရခက်မနေပါနဲ့ ယမင်းရယ်... လေးလေးက နင့်ကို ချစ်တော့ချစ်ပါတယ်ဟ"

"လေးလေးကော အန်တီတာပါ... ပြီးတော့ အားလုံးက ငါ့ကိုချစ်တာတော့ ငါသိပါတယ် ဆုလတ်ရယ်... ဒါပေမဲ့ တစ်ခါတလေ လေးလေးက အသိရခက်တယ်"

"နင် ဘာတွေတွေးပြီး ရှုပ်နေတာလဲ မယ်ယမင်း၊ နင့်ဘဝက ဒီလောက်ထိ ပြည့်စုံနေတာကို ဘာတွေတွေးပြီး အလိုမပြည့်နိုင်ဖြစ်နေတာလဲ"

"ဒါပဲလေ... နင်တို့ အမြင်မှာ တော့ ငါက ပြည့်စုံကြွယ်ဝနေတဲ့ သူတစ်ယောက်... တကယ်တမ်းကျတော့ ပြည့်စုံကြွယ်ဝခြင်းထက် တစ်ဦးအပေါ်တစ်ဦး နားလည်မှုတွေ ကိုယ်စီထားကြမယ်ဆိုရင် အဲဒီအိမ်မှာ ဘယ်တော့မှ စိတ်ဆင်းရဲရခြင်းမရှိဘူးဆိုတာ နင်တို့ ယုံလား... ယမုံလှိုင်"

"No... လုံးဝ မယုံဘူး"

ဝင်ပြောလိုက်သော မီးမီးကို ယမင်းတို့ သုံးယောက် တစ်ပြိုင်နက်တည်း ကြည့်လိုက်မိကြသည်။

"ငါကတော့ ပစ္စည်းရှင်လူတန်းစား ပီသတယ်ပဲပြောပြော ဘာမှ သုံးမရတဲ့ အရာတစ်ခုကို မှန်ပါတယ်လို့ မယုံကြည်ပေးနိုင်ဘူး ယမင်း... နင် ဘာတွေဖြစ်နေသလဲဆိုတာ ငါသိတယ်"

"ငါ ဘာတွေဖြစ်နေတယ်လို့ နင် ထင်နေတာလဲ"

ယမင်းရှေ့တွင် သောက်လက်စအအေးခွက်ကို လက်နှစ်ဖက်နှင့် ခပ်တင်းတင်းဆုပ်ကိုင်ပြီး မီးမီးကို ခပ်ဆတ်ဆတ် မေးလိုက်သည် ။

လေးယောက်စလုံးက ပြည့်စုံကြွယ်ဝသော အသိုင်းအဝိုင်းကမို့ တစ်ယောက်ကိုတစ်ယောက် သေးသေးတင်မခံ၊ အသာမခံဘဲ အလစ်အငိုက်တွယ်ရဖို့ သာ ချောင်းနေကြသည် ။

ပြီးတော့ တခြားသူငယ်ချင်းတွေနှင့် ယမင်းက တစ်သားတည်းဖြစ်သလောက် မီးမီးနှင့် သာ တစ်သားတည်းမဖြစ်ပေ။

ငယ်သူငယ်ချင်းတွေဖြစ်သော်လည်း ယမင်း ပြောလိုက်သမျှက မီးမီး ချေပဖို့ ဖြစ်နေသလား။ မီးမီးကိုယ်တိုင်က ယမင်းကို ဘက်ကန်နေတာလားဆိုတာကတော့ မီးမီးကလွဲ၍ ဘယ်သူမှ မသိနိုင်ပေ။

"ဒါနဲ့ နေပါဦး မီးမီး... ငါ မေးပါရစေဦး။ နင် စောစောတုန်းက ကြွေးကြော်လိုက်တယ်နော်။ ပစ္စည်းရှင်လူတန်းစားဆိုတော့ နင်က အရင်းရှင်လား"

ဆုလတ်က ယမင်းနှင့် မီးမီးကြားတွင် တင်းမာသော အနေအထားတစ်ခု ဖြစ်လာမှာ ကို မလိုလားသဖြင့် ရယ်ရွှန်းဖြစ်အောင်ပြောလိုက်သော်လည်း မီးမီးက-

"ဟုတ်တယ်... ငါက အရင်းရှင်လူတန်းစားပဲဆိုပါတော့။ ဒါပေမဲ့ ယမင်းလိုတော့ ကိုယ့်အဆင့်ကိုယ်မေ့၊ စိတ်ကူးယဉ်ခြင်းနဲ့ အချိန်ကုန်နေတာတော့ လုံးဝရှုတ်ချတယ်"

"ဒုန်း"

"ဟာင်"

"နေစမ်းပါဦး မီးမီး"

ယမင်းရဲ့ သည်းခံနိုင်မှုတို့ သည် အတိုင်းအတာတစ်ခုထိသာ ဖြစ်သည် ။ ယမင်း အိမ်မှာ ဘာတွေဖြစ်လာသလဲ ဘာမှ ရေရေရာရာမသိဘဲ ယမင်းကိုသာ ဦးတည်ဖွဲ့ချင်ဆော်ချင်နေတော့ ယမင်း နားမလည်နိုင်။ ထို့ကြောင့် ထိုင်ရာမှ ဝုန်းခနဲ မြည်အောင်ထကာ-

"နင်နဲ့ ငါ ဘာရန်ငြိုးမှ မရှိဘဲ နင် အခုတလော ငါ့ကို ဘာလို့ အသားလွတ်လိုက်တိုက်ခိုက်နေရတာလဲ။ ငါ့ဘာသာ ကိုယ့်အဆင့်နဲ့ ကိုယ်မနေဘဲ အောက်တန်းစားစိတ်ဓာတ် မွေးနေတယ်ဆိုရင်လည်း ငါ့အကြောင်းနဲ့ ငါပါ။ နင် ငါ့ကို ဝေဖန်စရာမလိုဘူးလေ"

"ယမင်း"

"အေး... အဲဒါပဲလေ... အခုတော့ ဒီလူအများကြီးရှိတဲ့ ဆိုင်ထဲမှာ နင်စားပွဲကို ဒုန်းခနဲနေအောင် ထုတယ်၊ ဝုန်းခနဲနေအောင် ထတယ်။ ငါးတန်းထဲက ငါးစိမ်းသည် တစ်ယောက်လို နင် ငါ့ကို အော်နေတယ်"

"တော်စမ်းပါ... မီးမီး... ဒီလောက်ထိ စွဲချက်တင်နေရအောင် နင်က တရားလိုမဟုတ်သလို ငါလည်း တရားခံ မဟုတ်ဘူး "

"ယမင်း"

"ယမင်း"

ဆုလတ်နှင့် ယမုံလှိုင်၏ ခေါ်သံကို ချန်ရစ်ပြီး ယမင်း စားသောက်ဆိုင်ထဲမှ ထွက်ခဲ့သည် ။ ဘေးမှ တဘုတ်ဘုတ် တဘတ်ဘတ်နှင့် ပြေးလိုက်လာသံကို ကြားရသည် ။

"ဟောဟဲ... ဟောဟဲ"

"ငါ မီးမီးကို ဘယ်လိုမှ နားမလည်ဘူး။ သူ အခု ဘာဖြစ်နေတာလဲ။ အခုတလော ငါ့အပေါ်မှာ သူ မကြည်မလင်ဖြစ်နေတာ သေချာတယ်။ ငါ သူ မကျေနပ်အောင် ဘာလုပ်ခဲ့မိလို့ လဲ"

ယမင်းရဲ့ နောက်ကို လိုက်လာသူက ဆုလတ်ဖြစ်သည် ။ ယမုံလှိုင်က တော့ မီးမီးကလည်း သူ့သူငယ်ချင်းပဲမို့ တစ်ယောက်တည်းထားခဲ့၍ မ ကောင်းသဖြင့် နေခဲ့ပုံရသည် ။

"မီးမီး ဘာဖြစ်နေလဲ နင် မသိပေမယ့် ငါတို့ သိတယ် ယမင်း"

"ဘာရယ်... နင်တို့ သိတယ်"

"ဟုတ်တယ်"

ယမင်းရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားသည် ။ အပြေးအလွှားလိုက်ခဲ့ရ သော ဆုလတ်လည်း ယခုမှ အမောပြေခွင့်ရပုံရသည် ။

စာသင်ချိန်တစ်ချိန်ရှိသေးသဖြင့် ယမင်းတို့ အိမ်ပြန်၍ မရသေးပေ။ ဒီတစ်ချိန်က ဆရာမ မအားသဖြင့် ကျောင်းသားတွေ အနားရနေခြင်း ဖြ စ်သည် ။

"မီးမီးက လင်းအောင်ကြောင့် နင့်ကို မကြည်လင်နေတာ"

"ဘာရယ်... အောင့်ကြောင့် ... ဟုတ်လား။ အောင်နဲ့ ငါက ဘာဖြစ်လို့ သူက မကြည်မလင် ဖြစ်နေရတာတဲ့ လဲ။ မုန်းစရာ ကောင်းလိုက်တာ။ ဘာမှ မဟုတ်ဘူး ... သူ ငါ့ကို ဘယ်တုန်းကမှ ကြည်လင်ခဲ့တာ မဟုတ် ဘူး ။ အောင့်ကြောင့် ဆိုတာလည်း နင်တို့ ထင်လို့ "

"ထင်တာ မဟုတ်ဘူး ... ဒါကတော့ တကယ်ပဲ ယမင်း... အောင်က နင့်အပေါ် ဖွင့်ပြောထားတယ် မဟုတ်လား"

ဒါတွေက သူငယ်ချင်းတွေဖြစ်သော သူတို့ အားလုံး သိထားပြီးသား ကိစ္စမို့ အခုမှ လာမေးနေတာက အံ့ဩစရာ။ အောင် ယမင်းကို ချစ်နေတာ ယခုမှ မဟုတ်။ ဒုတိယနှစ်ကတည်းက ဖွဲ့ရှိရှိလိုက်နေခဲ့တာ ဖြစ်သည် ။

ဒါက မကျေနပ်စရာ... ဘာ... ဘာ... ဟင်...။

မျက်မှောင်ကြုတ်ကာ တွေးနေရင်း ယမင်းရဲ့ အကြည့်က ဆုလတ် ဆီရောက်သွားသည် ။

"မီးမီးက အောင်နဲ့ ငါ့ရဲ့ အနေအထားကို မလိုလားတာလား"

"မလိုလားတာကတော့ အသေအချာပဲ... တစ်ခါကလည်း ယမင်းနဲ့ အောင် ဘယ်တော့မှ ချစ်သူမဖြစ်ရဘူးလို့ ကြွေးကြော်ခဲ့သေးတယ်။ နင့်ကို မပြောပြဖြစ်ခဲ့တာက ငါတို့ သူငယ်ချင်းတွေ စိတ်ဝမ်းကွဲသွားမှာ စိုးလို့ ... ဒါပေမဲ့ အခု မီးမီးလုပ်ပုံနဲ့ ကွဲနေကြပါပြီ"

"ငါ့ကို အောင် လာကြိုက်တာ မလိုလားရင် သူ့ကို အောင်ကြိုက်အောင် မြှူဆွယ် လိုက်လေ၊ ဆွဲဆောင် လိုက်လေ။ ဘာလို့ ငါ့ကို အသားလွတ် လာဖဲ့နေရတာလဲ။ ပြီးတော့ စောစောက ငါတို့ ပြောနေကြတဲ့ ကိစ္စမှာ အောင်နဲ့ ငါ့ရဲ့ ကိစ္စ လုံးဝ မပါဘူး။ လေးလေးနဲ့ ပတ်သက်ပြီးပဲ ငါနင်တို့ ကို ရင်ဖွင့်ခဲ့တာ။ အဲဒါကို သူက ဘာတွေမကျေမနပ်ဖြစ်ရတာလဲ "

"နင်... မိန်းမချင်း ကိုယ်ချင်းစာပြီး မီးမီးကို နားလည်လိုက်စမ်းပါဟာ"

"ဘာရယ်... ငါ ဘာနားလည်ပေးလိုက်ရမှာ လဲ။ ဘာကို နားလည်ပေးရမှာ လဲ။ အောင်နဲ့ ပတ်သက်ပြီးလား... အဲဒါ ဆိုရင်တော့ ဆောရီးပဲ

... ဆုလတ်... အခု ငါ ကောင်းကောင်း ကြီး သိလိုက်ရတာကတော့ ယမုံ လှိုင်ကော နင်ပါ ငါ့ဘက်ကမဟုတ်ဘဲ မီးမီးရဲ့ ဘက်ကလို့ သိလိုက်ရတဲ့ အတွက် ငါ လုံး၀ စိတ်မကောင်းဘူး"

ယမင်း ခုချိန်မှာ ကိုယ့်ကိုယ်ကိုယ်တောင် မုန်းတီးနာကျင်လာရသည် ။ ကိုယ့်ရဲ့ သောကတွေကို သူငယ်ချင်းကောင်း ပီသစွာနှင့် ဖေးမကူညီကြမည်ဟု ထင်ထားခဲ့ရသမျှ သူတို့ သည် ရေနစ်သူ ၀ါးကူထိုးဖို့ လောက်သာ အသုံး၀င်သည် ။

ယောက်ျားတစ်ယောက်နှင့် ပတ်သက်၍ သူငယ်ချင်းအပေါ် မနာလို ၀န်တိုစိတ် မစ္ဆရိယစိတ်တွေ သိပ်များ နေသော မီးမီးကိုလည်း ယမင်း မုန်းသွားသလိုလို။

ဖြစ်လာသောအနေအထားက ဘယ်သူမှ လုပ်ကြံဖန်တီးထားတာမ ဟုတ်ဘဲ အောင်က သူ့သဘောနှင့် သူ ယမင်းကို လာကြိုက်ခြင်းဖြစ်သ ည် ။ ဒါကို ဆုလတ်တို့ က ယမင်းကို မိန်းမချင်း ကိုယ်ချင်းစာသင့်သည် ဟု အမိန့်ပေးချင်၏။

"အဲဒီလိုမကြည့်ပါနဲ့ ယမင်းရယ်... ငါတို့ ပြောချင်တာကလေ သူငယ် ချင်းအချင်းချင်း စိတ်၀မ်းမကွဲစေချင်လို့ "

"တော်စမ်းပါ... ဘာစိတ်၀မ်းမကွဲစေချင်လို့ လဲ။ တကယ်ဆို ငါ ရှင်း ရှင်းလေးပဲ ပြောလိုက်မယ် ဆုလတ်... အခု မီးမီးကသာ လင်းအောင်ကို တစ်ဖက်သတ် ဖြစ်နေတာနော်။ လင်းအောင်က ငါ့ကို အတိအလင်း ပြောလာတဲ့ သူ။ ဒါကို သူလည်း သိနေတာပဲ။ အဲဒီလို ဖွင့်ပြောပြီးကတ ည်းက သူ... သူ့ဆန္ဒတွေကို ချိုးနှိမ်ပစ်ခဲ့ရမှာ ကို ခုကျမှ လူတကာသိ အောင် ကြေညာပစ်တာ ငါနဲ့ ဘာဆိုင်လို့ လဲ။ ငါက အနေသာကြီး။ ပိုဆိုးတာတစ်ခုက ငါတို့ သူငယ်ချင်းတွေအဖြစ် ရှေ့ဆက်နေလို့ မရနိုင်

တော့တာပဲ"

"ယမင်း"

"ဆောရီးပဲ… မီးမီးကို သနားလက်စနဲ့ မီးမီးရဲ့ အနားမှာ ပဲ နေခဲ့လိုက်တော့ ဆုလတ်"

"ယမင်း"

လှည့်ထွက်လိုက်သော ယမင်းရဲ့ လက်ကို ဆုလတ် ကပျာကယာ လှမ်းဆွဲလိုက်သည်။ သို့သော် ယမင်းက ခါချပြီး လှည့်ထွက်ခဲ့လိုက်သည်။

ကိုယ့်အပေါ်မှာ တော့ ယုယကြည်နာချင်စိတ် နည်းပါးသော ကံကြမ္မာအကြောင်းကို စဉ်းစားကြည့်လျှင် ဝမ်းနည်းနာကျင်ဖို့ ကောင်းသည်။

လေးလေးအပေါ်မှာ ယမင်း နားမလည်နိုင်ဘူးဆိုလျှင်တော့ ထားပါတော့။

ဒါပေမဲ့ အောင်က ယမင်းကို ချစ်ခွင့်တောင်းတာက အမှန်တရား။ မီးမီးက အောင့်ကို တစ်ဖက်သတ် ဖြစ်နေသည့် ကိစ္စက အမှားတရားဖြစ်နေပါလျှင် ဆုလတ်နှင့် ယမုံလှိုင်က မီးမီးဘက်မှ စာနာဖို့၊ ဖေးမဖို့ ပြောနေတာတော့ ရက်စက်လွန်းပါသည်။

ကိုယ့်အပေါ်မှာ နှစ်နှစ်လုံးလုံး ဖွဲ့ရှိရှိနှင့် စောင့်စားနေခဲ့သော ယောက်ျားတစ်ယောက်အတွက် မိန်းမသားတစ်ယောက်ဖြစ်သော ယမင်းက ရင်ခုန်ခွင့်၊ သာယာကြည်နူးခွင့် မရှိရတော့ဘူးတဲ့ လား။

ဘာတဲ့ … မီးမီးရဲ့ ခံစားချက်ကိုတော့ ယမင်းဟာ စာနာနားလည်ပေးရမယ်တဲ့ လား… ဟား… ဟား… ဟား… လောကကြီးက တရားကျဖို့ ကောင်းလိုက်တာ။

******